# မြန်မာနိုင်ငံ နယ်ပယ်ဆိုင်ရာ အကြီးအကဲဌာနချုပ်၏ သမိုင်းအကျဉ်း

## (Sisters of Our Lady of the Missions, Myanmar Brief History)

### ကိုလိုနီလက်အောက်ခံနှင့် စစ်ကြိုကာလများ

အသင်းဂိုဏ်း၏ အစောပိုင်းကာလတွင်ပင် ယူဖရေးစီသည် ဝေးကွာလှသော ဒေသများဖြစ်သည့် အိန္ဒိယ၊ နယူးဇီလန်နှင့် နယူးဇီလန်ကျွန်းစုများသို့ ၎င်း၏သီလရှင်များကို ရဲရင့်စွာစေလွှတ်ခဲ့သည်။ ထိုခေတ်ကာလက မီးရထား၊ လေယာဉ်ပျံများနှင့် ကားများမရှိသေးသည့်အတွက် ခရီးသွားလာရေးမှာ အမှန်ပင်ခက်ခဲလှပေသည်။ ခရီးသွားလာရန် တစ်ခုတည်းသောနည်းလမ်းမှာ ပင်လယ်ရေကြောင်းမှ သင်္ဘောများဖြင့်သာ သွားလာရခြင်းဖြစ်ပြီး မိမိသွားလိုသည့် ဒေသသို့ရောက်ရှိရန်အတွက်မှာလည်း လပေါင်းများစွာ အချိန်ကြာမြင့်လေသည်။

သူမသည် နယူးဇီလန်နိုင်ငံသို့ နောက်ဆုံးအကြိမ် အလည်အပတ်ခရီးသွားရောက်ပြီးနောက် အိမ်အပြန်ခရီးတွင် စာသင်ကျောင်းနှင့် မိဘမဲ့ဂေဟာဖွင့်လှစ်ထားသည့် သူမ၏သီလရှင်များတည်ရှိရာ စစ်တကောင်းမြို့တွင် ခေတ္တရပ်နားခဲ့သည်။ ထိုအလည်အပတ်ခရီးစဉ်အတွင်း သူမအား ရခိုင်ပြည်နယ်တွင်ရှိနေကြသော ဘုန်းတော်ကြီးများက ၎င်းတို့ဒေသသို့လည်း လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ကြသည်။ ထို့ကြောင့် ယူဖရေးစီသည် မြန်မာ့မြေပေါ်သို့ (၁၈၈၈)ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ခြေချခဲ့လေသည်။ သူမသည် စစ်တကောင်းမှ ရခိုင်ပြည်နယ်သို့ လှေဖြင့်လာရောက်ခဲ့ပြီး ခရီးစဉ်မှာ (၂၄)နာရီကြာမြင့်ခဲ့သည်။ ထို့နောက်သူမသည် ရခိုင်ပြည်နယ်တွင် စာသင်ကျောင်းဖွင့်လှစ်ပေးမည့်အကြောင်း ဆရာတော်အား ကတိပြုခဲ့သည်။ ရခိုင်ပြည်နယ်သို့ လာရောက်စဉ်အတွင်း ပြောစမှတ်ပြုလောက်သည့် တိုက်ဆိုင်မှုတစ်ခုမှာ သူမသည် ကက်သလစ်ဘာသာဝင် မိသားစုအိမ်တစ်အိမ်သို့ အလည်သွားရောက်ချိန်တွင် ထိုအိမ်မှ သမီးငယ်လေးအား ပွေ့ချီထားရင်း သူမ၏ ဖခင်အား `ဒီ သမီးလေးကို ကျွန်မတို့ အသင်းဂိုဏ်းကို မဖြစ်မနေပေးရမယ်နော်`ဟုပြောကြားခဲ့ပြီးနောက် သူမသည် အမှန်တကယ်ပင် အရွယ်ရောက်လာသောအခါ ဒုတိယမြောက် မြန်မာပြည်ဖွား သီလရှင်ဖြစ်လာသည့် မေရီအလာကော့ (Alacoque) ဖြစ်လာလေတော့သည်။

ထိုစဉ်က ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ရခိုင်ပြည်နယ်တွင် မိမိတို့သားသမီးများအတွက် ကောင်းမွန်သော ပညာရေးကို လိုလားကြသည့် အန်ဂလို အိန္ဒိယများ၊ ဥရောပတိုက်သားများနှင့် ရခိုင်လူမျိုးအများအပြားနေထိုင်ခဲ့ကြသည်။ ယူဖရေးစီသည် သူမတာဝန်ယူလုပ်ဆောင်စဉ်အတွင်း စာသင်ကျောင်းအား မဖွင့်လှစ်ပေးနိုင်ခဲ့ပေ။ သူမပျံလွန်တော်မူပြီးနောက် သန့်ရှင်းသော စိပ်ပုတီး၏ မာသာရ်မေရီသည် သူမ၏အရိုက်အရာကို (၁၈၉၃)ခုနှစ်တွင် ဆက်ခံခဲ့ပြီး ယူဖရေးစီ၏ အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် (၁၈၉၇)ခုနှစ်တွင် စိန်အန်းသီလရှင်ကျောင်းအမည်ဖြင့် စာသင်ကျောင်းတစ်ကျောင်းကို စစ်တွေတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

စစ်ကြိုခေတ်ကာလများတွင် အိန္ဒိယနှင့် မြန်မာနိုင်ငံရှိစာသင်ကျောင်းများမှာ ကောင်းမွန်စွာဖွင့်လှစ်နိုင်ခဲ့သလို အောင်မြင်မှုများလည်း ရရှိခဲ့ပြီး ကျောင်းသူကျောင်းသားများဖြင့် ပြည့်နှက်နေခဲ့သည်။ နောက်ပိုင်းတွင် သီလရှင်များမှာ ဒါကာနှင့် သံတွဲမြို့များတွင် စိန်မာဂရက်သီလရှင်ကျောင်းအမည်ဖြင့် (၁၉၃၁)ခုနှစ်တွင် စာသင်ကျောင်းသစ်များ ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

**ကမ္ဘာစစ် ဖြစ်ပွားစဉ် ကာလများ (၁၉၃၉-၁၉၄၅)**

ကမ္ဘာစစ်ကြီးနေရာအနှံ့ဖြစ်ပွားချိန်ကြာလာသည်နှင့်အမျှ (၁၉၃၉)ခုနှစ်တွင် ကမ္ဘာအနှံ့အပြားရှိ အခြေအနေ အရပ်ရပ်ပြောင်းလဲကုန်ပြီး ခလောက်ဆန်ကာ ရှုပ်ထွေးနေတော့သည်။ ထိုစစ်ပွဲသည် (၆)နှစ်တာကြာမြင့်ခဲ့ပြီး ထိုအတောအတွင်း စာသင်ကျောင်းများမှာ ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ကာ သီလရှင်များမှာလည်း ဂျပန်စစ်တပ်၏ သုံ့ပန်းများအဖြစ် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ကြရသည်။

သီလရှင်ကျောင်း (၂) ကျောင်းမှ သီလရှင်များသည် ရန်ကုန်မြို့သို့ ခေါ်ဆောင်ခြင်းခံခဲ့ရပြီး ရန်ကုန်မြို့သို့ ရောက်ရှိရန် လှေအမျိုးမျိုး၊ ကျွဲလှည်း၊ နွားလှည်းများဖြင့်တဖုန် ခက်ခဲစွာသွားခဲ့ကြရကာ အချိန်တစ်လခန့် ကြာမြင့်ခဲ့သည်။ ထိုကဲ့သို့ ခေါ်ဆောင်ခြင်းခံခဲ့ရသော အဖွဲ့နှစ်ဖွဲ့မှာ

၁။ စိန်အန်းသီလရှင်ကျောင်းမှ သီလရှင် (၆) ပါး

၂။ စိန်မာဂရက်သီလရှင်ကျောင်းမှ သီလရှင် (၆) ပါး တို့ဖြစ်သည်။

ပထမအဖွဲ့ဖြစ်သည့် စိန်အန်းသီလရှင်ကျောင်းမှ သီလရှင် (၆)ပါးကို ရန်ကုန်သို့လည်းကောင်း၊ စိန်မာဂရက် သီလရှင်ကျောင်းမှ သီလရှင် (၆)ပါးကို ပုသိမ်မြို့သို့လည်းကောင်း သုံ့ပန်းများအဖြစ် အသီးသီးခေါ်ဆောင် သွားခဲ့ကြသည်။ အဆိုပါသီလရှင်များမှာ တစ်ကိုယ်ရည် အသုံးအဆောင်များ၊ စိတ်ဖိစီးမှုဒဏ်များ၊ မလုံခြုံမှု များနှင့် ငှက်ဖျားရောဂါဒဏ်များကို ရင်နှင့်စွာခံစားခဲ့ကြရရှာသည်။ စစ်ပွဲကာလအတွင်း မည်သူမျှ အသက်မဆုံး ရှုံးခဲ့ရခြင်းမှာ ဘုရားသခင်၏ ကာကွယ်စောင်မမှုများကြောင့်ဖြစ်ခြင်းကိုမူ သံသယရှိစရာ မလိုတော့ချေ။ ထိုစစ် ပွဲပြီးဆုံးခဲ့သည့် (၁၉၄၅)ခုနှစ်တွင် သီလရှင်များအားလုံးကို မဟာမိတ်ရေတပ်သင်္ဘောများဖြင့် စစ်တကောင်းသို့ ပို့ဆောင်ပေးခဲ့ကြချိန်တွင် အခြားသော ဂိုဏ်းတူသီလရှင်များနှင့် ပြန်လည်ဆုံဆည်းကြရာ ၎င်းတို့က ဂမ်းပမ်း တသာ ကြိုဆိုခဲ့ကြပြီး မျက်ရည်လည်ရွဲဖြင့် ပျော်ရွှင်နိုင်ခဲ့ကြရတော့သည်။

**စစ်ပြီးခေတ် ကာလများ**

(၁၉၄၆)ခုနှစ်တွင် ယခင်တာဝန်ထမ်းဆောင်ခဲ့သော သီလရှင်များ စစ်တွေသို့ ပြန်လည်ရောက်ရှိလာကြပြီး စာသင်ကျောင်းများနှင့် သီလရှင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ၎င်းတို့ပြန်လည်ရောက်ရှိချိန်တွင် သီလရှင်ကျောင်း၏ တံခါးနှင့် ပြူတင်းပေါက်များမှာ ယိုင်နဲ့ပျက်စီးနေပြီး စာသင်ကျောင်းမှာလည်း အခွံမျှသာ ကျန်ရစ်သည်။ အမိုးများ၊ အုတ်နံရံလေးဖက်၊ တံခါးနှင့် ပျက်စီးနေသော ပြူတင်းပေါက်များမှအပ မည်သည့်အ

ရာမှ အကောင်းပကတိ မရှိတော့ချေ။ ဒုတိယထပ်ရှိကြမ်းပြင်များမှာလည်း စစ်ဒဏ်ကြောင့် ပျက်စီးကုန်လေပြီ။ မီးဖိုချောင်နှင့် သိုလှောင်ခန်းမှာလည်း တံခါးနှင့် ပြူတင်းပေါက်များမရှိတော့ပဲ ယိုင်နဲ့နဲ့ အမိုးအောက်တွင် တိတ်ဆိတ်နေပြီး အရာအားလုံးမှာ ခြုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက်လျှက် အကာအရံများ ကင်းမဲ့နေတော့

သည်။ စာသင်ကျောင်းအနီးရှိ ကျောက်ရေတွင်းတစ်ခုမှာလည်း ပုလင်းခွံများ၊ ဗူးခွံများ၊ တုတ်ချောင်းများ၊ ကျောက်ခဲများဖြင့် ပြည့်နှက်ပိတ်ဆို့နေပြီး စစ်ပွဲကာလအတွင်း စစ်တပ်မှ ယာယီစခန်းအဖြစ် အသုံးပြုခဲ့ဟန်ရှိလေသည်။

စစ်ပွဲကြီးပြီးဆုံးပြီးနောက် ကိုလိုနီလက်အောက်ခံ နိုင်ငံအများစုမှာ လွတ်လပ်ရေးရရှိခဲ့ကြသကဲ့သို့ မြန်မာနိုင်ငံသည်လည်း (၁၉၄၈)ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ အဆိုပါသီလရှင်များမှာ နိုင်ငံရေးနှင့် စီးပွားရေး ပြန်လည်ဦးမော့လာသည့်အချိန်တွင် ၎င်းတို့၏ စာသင်ကြားခြင်းအလုပ်ကို ဆက်လက်လုပ်ဆောင်ခဲ့ကြပြီး ၎င်းတို့၏ သီလရှင်ကျောင်းများကိုလည်း (၈)ကျောင်းထိတိုင်အောင် တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့နိုင်ခဲ့သည်။ (၁၉၇၀) အထိ အိန္ဒိယ၊ ဘင်္ဂလားဒေ့ချ်နှင့် မြန်မာနိုင်ငံတို့မှာ စစ်တကောင်း နယ်ပယ်အကြီးအကဲ ဌာနချုပ်၏ လက်အောက်ခံ သာသနာနယ်တစ်ခုအဖြစ် သတ်မှတ်ထားခဲ့ကြပြီး၊ (၁၉၇၀)မှ စတင်ကာ သီးခြား နယ်ပယ်ဆိုင်ရာအကြီးအကဲဌာနချုပ်အဖြစ် ခွဲထွက်လုပ်ဆောင်ခွင့် ရရှိခဲ့သည်။ (၁၉၆၀)ခုနှစ်က ဌာနေအကြီးအကဲ အမ်ဒီကလန်း၏ နယ်ပယ်ဆိုင်ရာ အကြီးအကဲဌာနချုပ်အောက်တွင် သာသနာနယ်တစ်ခု အဖြစ်ပါဝင်ခဲ့သော်လည်း ထိုအချိန်က မြန်မာနိုင်ငံရှိ အခြေအနေများမှာ ပြောင်းလဲသွားခဲ့သည်။ (၁၉၆၂)ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုထံမှ ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း ဆိုရှယ်လစ်စနစ်ကို လက်ကိုင်ကျင့်သုံးခဲ့သည်။ ယင်းအကျိုးဆက်မှာ ပုဂ္ဂလိကဘဏ်များ၊ စာသင်ကျောင်းများနှင့် လုပ်ငန်းအများအပြားကို ပြည်သူပိုင်သိမ်းပိုက်ခဲ့တော့သည်။ (၁၉၆၄)ခုနှစ်တွင် နိုင်ငံခြားသာသနာပြု များကို ပြန်လည်ထွက်ခွာစေခြင်းကြောင့် လက်ရှိလုပ်ဆောင်နေသောလုပ်ငန်းများကို ဆက်လက်လည်ပတ်နိုင်ရန် သီလရှင် (၉)ပါးသာ ချန်ထားရစ်ခဲ့ပြီး အခြားသူများမှာ ဝမ်းနည်းစွာဖြင့် ထွက်ခွာသွားခဲ့ရရှာသည်။ (၁၉၆၄) ခုနှစ်မှ (၂၆)နှစ်အတွင်း မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် အဆက်အသွယ်ဖြတ်တောက်ခြင်းခံခဲ့ရပြီး ၎င်း၏ အာဏာမှာ (၁၉၈၈)ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။ လက်ရှိအချိန်တွင် ဒီမိုကရေစီစနစ် စတင်ကျင့်သုံးသော စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေပေသည်။ ပြည်သူပိုင်သိမ်းပိုက်ခံရပြီးနောက်ပိုင်း သီလရှင်များမှာ စာသင်ကျောင်းများတွင် စာသင်ကြားခြင်းအစား တမာန်တော်လုပ်ငန်း (သို့) လူမှုရေးလုပ်ငန်းများကို ပြောင်းလဲ လုပ်ဆောင်ပေးခဲ့ကြသည်။

## မျက်မှောက်ခေတ်ကာလ

လက်ရှိအချိန်တွင် နယ်ပယ်ဆိုင်ရာ အကြီးအကဲဌာနချုပ်အပါအဝင် သီလရှင်ကျောင်း (၁၃)ကျောင်း၊ သီလရှင် (၆၁)ပါး၊ သီလရှင်လောင်း (၄)ပါး၊ အကြိုသီလရှင်လောင်း (၄)ပါးနှင့် ဝင်လိုသူ (၁၀)ပါးရှိနေလေပြီ။ သီလရှင်များအနေဖြင့်  ဂိုဏ်းအုပ်သာသနာ (၃)ခုတွင် အမှုတော်ထမ်းရွက်လျှက်ရှိပြီး အများစုမှာ ပြည်ဂိုဏ်းအုပ်သာသ

နာအောက်တွင်ဖြစ်သည်။ ဖော်ပြပါ ဂိုဏ်းအုပ်သာသနာများတွင် အမှုတော်ထမ်းရွက်လျက်ရှိသော လုပ်ငန်းများမှာ

- မိဘမဲ့ကလေးများ၊ နိုင်ငံရေးအခြေအနေကြောင့် ရွှေ့ပြောင်းသွားလာကြသော မိဘများ၏ ကလေးငယ်များနှင့် အနာကြီးဝေဒနာသည်များအား ကြည့်ရှုစောင့်ရှောက်ပေးခြင်း
- မူကြိုကလေးငယ်များအား ပညာသင်ကြားပေးခြင်းနှင့် နွမ်းပါးသော ကလေးငယ်များအား ကူညီစောင့်ရှောက်ပေးခြင်း
- ပြည်သာသနာတွင် သီလရှင်များက အမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းထားပြီး အမျိုးသမီးများနှင့် လက်တွဲလုပ်ဆောင်ခြင်း
- လူငယ်များအတွက် သင်တန်းများနှင့် ဂုတ်စောင့်ပွဲများ ပြုလုပ်ပေးခြင်း
- ထို့ပြင် သီလရှင်များသည် ခရစ်ယာန်အိမ်ထောင်စုများအား အားပေးမြှင့်တင်ရန်နှင့် ခရစ်ယာန်မဟုတ်သောနေအိမ်များသို့လည်း မိဿဟာရဖြစ်စေရန်အတွက် ကျေးရွာများသို့ ပုံမှန်သွားရောက်လည်ပတ်ခြင်း၊ လိုအပ်သည့်အချိန်တိုင်းတွင် ဘုရားစကားသင်ကြားပေးခြင်း၊ ကလေးငယ်များအတွက် ပထမကိုယ်တော်မြတ်၊ ခရစ္စမားအားပေးခြင်းရယူနိုင်ရန်နှင့် လက်ထပ်ထိမ်းမြားခြင်းခံယူမည့် သူများအတွက် ပြင်ဆင်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါသည်။

## မြန်မာနိုင်ငံရှိ RNDM အသင်းဂိုဏ်း၏ ရာဇဝင်

## (၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ပြန်လည်ဖြည့်စွက်မွမ်းမံထားသည်)

### နိဒါန်း

ဗမာနိုင်ငံ (သို့မဟုတ်) (၁၉၈၉)ခုနှစ်တွင် မြန်မာနိုင်ငံဟု တရားဝင်ခေါ်ဝေါ်သုံးစွဲခဲ့သောနိုင်ငံသည် အရှေ့တောင်အာရှအတွင်း အကြီးမားဆုံးကုန်းတွင်းပိုင်းနိုင်ငံဖြစ်ပြီး (၁၉၄၈)တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ (၁၆)ရာစုနှင့် (၁၇)ရာစုတစ်လျှောက် ပေါ်တူဂီအများစုနှင့် တချို့သော သာသနာပြုများ ဗမာနိုင်ငံသို့လာရောက်သာသနာပြုခဲ့ကြပြီး (၁၉)ရာစုနှစ်ကျမှသာ ဥရောပနှင့် အမေရိကရှိ ကက်သလစ်နှင့် ပရိုတက်စတင့်သာသနာပြုများ၏ လှုပ်ရှားမှုများ ပိုမိုအားကောင်းလာခဲ့သည်။

### မယ်တော်သခင်မ၏ သီလရှင်များ စစ်တွေသို့ ရောက်ရှိလာခြင်း (Akyab)

(၁၈၈၆)ခုနှစ်၊ နယူးဇီလန် အလည်အပတ်ခရီးစဉ်အပြီးတွင် ယူဖရေးစီသည် အရှေ့ဘင်္ဂလားနယ်၏ ဂိုဏ်းချုပ်ဆရာတော်ဖြစ်သူ ဆရာတော် ဘောလ်စီပါ၏ မေတ္တာရပ်ခံချက်ကို လက်ခံခဲ့ပြီး စစ်တကောင်းသီလရှင် အကြီးအကဲဖြစ်သူ မာရီဒူ စာကရီကိုအာ (Marie du Sacre Coeur)နှင့်အတူ စစ်တွေသို့ လှေဖြင့်ထွက်ခွာလာခဲ့သည်။

(၁၈၉၇)ခုနှစ်တွင် စိန့်အန်းသီလရှင်ကျောင်းကို ကလေးငယ်များအား စာသင်ကြားပေးရန်နှင့် မိဘမဲ့ကလေးများကို စောင့်ရှောက်ရန် စစ်တွေမြို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဒေသခံများမှာ ယင်းသီလရှင်များ၏ လုပ်ဆောင်မှုကို များစွာ ကျေနပ်အားရခဲ့ကြသည်။ ထိုစာသင်ကျောင်းများမှာ (၁၉၄၂)ခုနှစ်အထိ အောင်မြင်ဖြစ်ထွန်းခဲ့သော်လည်း ဂျပန်စစ်တပ်များ ကျူးကျော်ဝင်ရောက်လာပြီးနောက်ပြီး စာသင်ကျောင်းများပိတ်ရန် အတင်းအကြပ် စေခိုင်းခြင်းခံခဲ့ရပြီး၊ (၁၉၄၈)ခုနှစ်တွင် စာသင်ကျောင်းနှင့် ဘော်ဒါကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ သီလရှင်များသည် ၎င်းတို့၏ အားလပ်ရက်များတွင် ဆေးရုံများ၊ ဆင်းရဲသားများနှင့် ကျောင်းသားမိဘများအိမ်သို့ သွားရောက်လည်ပတ်ပေးခြင်းအားဖြင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ RNDM ၏ သီလရှင်ကျောင်းအများစုမှာ ပြည်ဂိုဏ်းအုပ်သာသနာနှင့် မြန်မာနိုင်ငံ အနောက်တောင်ပိုင်းရှိ ရခိုင်ပြည်နယ်တို့တွင် တည်ရှိသည်။

## ဘူးသီးတောင်တွင် ဒုတိယမြောက် အခြေပြုစတင်ခြင်း

နယ်မြေသတ်မှတ်ပေးသည့် အကြီးအကဲသည် သီလရှင်များအား စာသင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ရန် အကြံပြုအားပေးခဲ့ပြီးနောက်ပိုင်း ဆောက်လုပ်ရန် မြေနေရာကိုလည်းလက်ခံရရှိခဲ့သဖြင့် ၎င်းတို့သည် (၁၉၁၅) ခုနှစ်တွင် စာသင်ကျောင်းတစ်ကျောင်းနှင့် စိန်အက်ဒွက်သီလရှင်ကျောင်းကို ဆောက်လုပ်ခဲ့ပြီး ကုန်ကျစရိတ်များကို ကိုယ်တိုင်ကျခံခဲ့ကြသည်။ သို့သော် ကံအကြောင်းမလှသဖြင့် (၁၉၁၉)ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် သီလရှင်ကျောင်းမှာ မီးဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့ရပြီး ဘူးသီးတောင်ရှိ သာသနာပြုလုပ်ငန်းများ ပြန်လည်နလန်မထူနိုင်ခဲ့တော့ပေ။

## သံတွဲတွင် တတိယမြောက် အခြေပြုစတင်ခြင်း

(၁၉၃၁)ခုနှစ်တွင် သံတွဲမြို့ရှိ စိန်မာဂရက် စာသင်ကျောင်းတွင် စတင်စာသင်ကြားပေးနိုင်ခဲ့သော်လည်း စာသင်ကျောင်းနှင့် သီလရှင်ကျောင်းမှာ ဂျပန်စစ်သားများ၏ ဖျက်ဆီးခြင်းခံခဲ့ရပြီး (၁၉၄၈)ခုနှစ်တွင် ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း မကြာမီမှာပင် ပြန်လည်ပိတ်ခဲ့ရသည်။ သို့သော် (၁၉၆၂)ခုနှစ်တွင် စိန်မာဂရက်သီလရှင်ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါသီလရှင်များက စာသင်ကျောင်းငယ်လေးတစ်ခုကို ကြီးကြပ်ရန် တာဝန်လွှဲပြောင်းရယူနိုင်ခဲ့သည်။

## ပြည်တွင် စတုတ္ထမြောက်အခြေပြုစတင်ခြင်း

(၁၉၅၆)ခုနှစ်တွင် ဆရာတော် သောမတ်စ် နယူးမန်း၏ တောင်းဆိုချက်အရ သီလရှင်များအတွက် ဘုန်းတော်ကြီးများ ဆောက်လုပ်ပေးခဲ့သည့် သီလရှင်ကျောင်းငယ်လေးတစ်ခုကို လက်ခံရရှိခဲ့ပြီး (၁၉၅၇)ခုနှစ်တွင် စိန်

ပေါလ်မူလတန်းကျောင်းနှင့် အမျိုးသမီးဘော်ဒါဆောင်တို့အား အုပ်ချုပ်စီမံခွင့်ကို လွှဲပြောင်းရယူနိုင်ခဲ့သည်။ စာသင်ကျောင်းနှင့် ဘော်ဒါဆောင်ရှိ ကျောင်းသူကျောင်းသားများ များပြားလာသဖြင့် စာသင်ကျောင်းသစ်ကို (၁၉၅၉)ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး စိန်ပေါလ်အထက်တန်းကျောင်းဟု အမည်ပေးခဲ့သည်။

(၁၉၆၂)ခုနှစ်၊ မတ်လတွင် ကက်သဒြယ်အနီးရှိ လာဆလက်ဘရာသာရ်ကျောင်းဝင်းအတွင်း ပိုမိုကြီးမားသော အဆောက်အဦးများ ဆောက်လုပ်ခဲ့ပြီး၊ (၁၉၆၄)ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံရှိ RNDM အသင်းဂိုဏ်းဌာနချုပ်ဖြစ်လာခဲ့သည်။

## စာသင်ကျောင်းများ ပြည်သူပိုင်သိမ်းပိုက်ခံရခြင်းနှင့် နိုင်ငံခြားသာသနာပြုများ ထွက်ခွာရခြင်း

လုပ်ငန်းဆောင်တာများ အရှိန်အဟုန်ဖြင့် အောင်မြင်တိုးတက်လာချိန်တွင် အစိုးရသည် စာသင်ကျောင်းများအားလုံးကို ပြည်သူပိုင်သိမ်းခြင်းနှင့် အမြဲနေထိုင်ခွင့်ဗီဇာမရှိသည့် နိုင်ငံခြားသာသနာပြုများအားလုံးအား မြန်မာနိုင်ငံမှ ထွက်ခွာသွားကြရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် (၁၉၅၆)ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ကျယ်ပြန့်ခန့်ညားသည့် ပုဂ္ဂလိက စာသင်ကျောင်းများအားလုံး ပြည်သူပိုင်အဖြစ် သိမ်းပိုက်ခြင်းခံရတော့သည်။

## ခေါင်းဆောင်မှု

(၁၉၆၄)ခုနှစ်၊ နှစ်လယ်ပိုင်းတွင် အိန္ဒိယလက်အောက်ခံနယ်မြေများကို မြန်မာနိုင်ငံ (ဗမာနိုင်ငံ)၊ ဘင်္ဂလားဒေ့ချ် (အရှေ့ပါကစ္စတန်)နှင့် အိန္ဒိယဟူ၍ (၃)ပိုင်း ပိုင်းလိုက်သည်။

## မြန်မာနိုင်ငံအတွင်း ခေါင်းဆောင်မှုနှင့် လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ခြင်း

ဘာသာရေးအသင်းဂိုဏ်းနှင့် ဘုန်းတော်ကြီးများအား စာသင်ကြားခွင့်မပြုတော့မီအချိန်အတွင်း သီလရှင်များသည် သာသနာရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားနေပြီးဖြစ်သည်။

(၁၉၆၆)ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် တိုင်းတစ်ပါးသီလရှင်များအားလုံးမှာ ထွက်ခွာသွားခဲ့ရပြီး ကျန်ရစ်ခဲ့သော တိုင်းရင်းသား သီလရှင်များမှာ နိုင်ငံရေးနှင့် စီးပွားရေးအခက်အခဲများကြားမှပင် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး အောက်ဖော်ပြပါ ဆယ်စုနှစ်များသည် အသင်းဂိုဏ်း၏ ပြောင်းလဲတိုးတက်လာမှုများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျန်ရှိနေခဲ့သည့် သီလရှင် (၁၃)ပါးအား မလွဲမချွတ် ကျေးဇူးတင်ရမည် ဖြစ်ပေသည်။ (၁၉၆၆)ခုနှစ်ကပင် အာဂသတ္တိ အပြည့်အရှိသည့် သီလရှင် (၁၃)ပါး၏ အားထုတ်မှုဖြင့် သီလရှင်အပါး (၇၀)ခန့်အထိ ပွားများလာခဲ့ပြီး အောက်ဖော်ပြပါတို့သည် ဆင်းရဲနွမ်းပါးသည့် လူမှုအသိုင်းအဝိုင်းများအကြား မိမိတို့၏သီလရှင်များ လက်ရှိအမှုတော်ထမ်းရွက်နေသော ဒေသများဖြစ်ပါသည်။

- စိန်အန်း သီလရှင်ကျောင်း၊ စစ်တွေ၊ ၁၈၉၇
- စိန်မာဂရက် သီလရှင်ကျောင်း၊ သံတွဲ၊ ၁၉၃၁
- လာဆလက် သီလရှင်ကျောင်း၊ ပြည်၊ ၁၉၅၇
- စိန်မေရီ သီလရှင်ကျောင်း၊ ရွှေပန်းတော၊ ၁၉၇၈
- စိန်ထရေဇား သီလရှင်ကျောင်း၊ ဥသျှစ်ပင်၊ ၁၉၈၃
- စိန်မေရီ ကက်သလစ်လုပ်ငန်း၊ မင်းတုန်း၊ ၁၉၉၁
- စိန်ဖရန်းစစ်ဖေးဗီးယား ဘုရားကျောင်း၊ ပြည်၊ ၁၉၈၁
- ဘိုတောင်သာသနာလုပ်ငန်း၊ ရေအေး၊ မွန်ပြည်နယ်၊ ၁၉၉၇-၂၀၁၂
- စိန်ထရေဇား မိဘမဲ့ဂေဟာနှင့် အနာကြီးဂေဒနာသည်စခန်း၊ သရက်၊ ၂၀၀၄
- စိန်မေရီ သီလရှင်ကျောင်း၊ သရက်မြို့၊ ၂၀၀၉
- ယူဖရေးစီ ပုံသွင်းသင်တန်းကျောင်းဗဟို၊ ၂၀၀၀
- စိန်ဂျိုးဇက်သီလရှင်ကျောင်း၊ ပလက်ဝ၊ ၁၉၇၅-၂၀၀၆
- ကျောက်ဖြူ၊ ၁၉၉၂-၁၉၉၈
- အေးမေတ္တာမွန်၊ ရန်ကုန်၊ ၁၉၈၆ (လက်ရှိတွင် နယ်ပယ်ဆိုင်ရာ အကြီးအကဲဌာနချုပ်ဖြစ်ပြီး၊ သီလရှင်များအား ပုံသွင်းခြင်းနှင့် ပညာရေးအစီအစဉ်များအတွက် ဗဟိုဌာနချုပ်လည်းဖြစ်သည်။
- ကော့သောင်း၊ ၂၀၁၀
- ရနောင်း၊ ထိုင်း၊ ၂၀၁၁

**သာသနာပြု လုပ်ငန်းသစ်အတွက် အစပြုခြေလှမ်းများ**

သီလရှင်များသည် တနေ့တခြားဆိုးဝါးလာသည့် လူမှုစီးပွားရေး အခြေအနေများကို တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဖြေရှင်းပေးလိုသည့် စိတ်ဆန္ဒရှိသည့် အားလျော်စွာ မူကြိုကျောင်းများဖွင့်လှစ်ပြီး ကလေးငယ်များ၏ ပညာရေးကို ကူညီလုပ်ဆောင်ပေးနေသည်သာမက သီလရှင်ကျောင်းအတွက် လိုအပ်သော ငွေကြေးများကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးလျှက်ရှိပါသည်။ လက်ရှိတွင် လာဆလက်သီလရှင်ကျောင်း၊ ယူဖရေးစီ၊ ဥသျှစ်ပင်၊ မင်းတုန်းနှင့် စစ်တွေမြို့များတွင် မူကြိုကျောင်း (၅)ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျှက်ရှိနေပါသည်။

ထိုင်းနိုင်ငံ၊ ရနောင်းနယ်စပ်တစ်လျှောက်တွင်လည်း RNDM သီလရှင်များသည် ကော့သောင်းတွင် အခြေစိုက်ကာ Marist ဘုန်းတော်ကြီးများနှင့်အတူ မြန်မာနိုင်ငံမှ HIV/AIDS ရောဂါခံစားနေရသော မြန်မာနိုင်ငံသား ဒုက္ခသည်များအား အကူအညီပေးခြင်းကို ပညာရေးနှင့် ကျန်းမာရေးဂန်ကြီးဌာနများနှင့် ပူးပေါင်းလုပ်ဆောင်လျှက်ရှိနေပါသည်။ ကော့သောင်းတွင် သီလရှင်များသည် HIV/AIDS ရောဂါခံစားနေရသောသူများအတွက်

ကျန်းမာရေးဂန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ကလေးငယ်များပညာရေးအတွက် လုပ်ဆောင်ပေးခြင်း၊ လူကုန်ကူးမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် အမျိုးသမီးငယ်လေးများအား စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အမှုတော်ထမ်းရွက်လျှက်ရှိနေကြပါသည်။

## ကနဦးနှင့် ပုံမှန်လေ့ကျင့်ပုံသွင်းပေးခြင်း

(၁၉၇၁)ခုနှစ်၊ ဖေဖော်ဂါရီလတွင် သီလရှင် အလောင်းကျောင်းတစ်ခုကို ဖွင့်လှစ်ခဲ့ပြီးနောက် (၁၉၉၆) ခုနှစ်တွင် လာဆလက် သီလရှင်ကျောင်းမှ သီလရှင်အလောင်းကျောင်းကို ပြည်မြို့ရှိ ဆိတ်ငြိမ်သော ဆင်ခြေဖုန်း ရပ်ကွက်တစ်ခုတွင်လည်း ခွဲ၍ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ လက်ရှိ ထိုသင်တန်းကျောင်းတွင် ယာယီသစ္စာခံ သီလရှင် (၁၁)ပါး၊ သီလရှင်လောင်း (၅)ပါး၊ အကြိုသီလရှင်လောင်း (၁)ပါးနှင့် ဂင်လိုသူ (၈)ပါးရှိသည်။

## နိုင်ငံရပ်ခြားသို့ စေလွှတ်ခြင်းများ

မြန်မာနိုင်ငံရှိ RNDM အသင်းဂိုဏ်းအနေဖြင့် မိမိတို့တွင်ရှိသော သီလရှင်များအား ကမ္ဘာတစ်ပှမ်းရှိဒေသများသို့ စေလွှတ်နိုင်ပြီဖြစ်သည်။ (၂၀၁၂)ခုနှစ်တွင် ဧလီဇဘက်ကံဖေ့ အားကန်ညာနိုင်ငံ၊ (၂၀၁၆)ခုနှစ်တွင် ပက်ထ ရေးရှာ ကြည်ကြည်ဂင်းအား ဖိလစ်ပိုင်နိုင်ငံနှင့်၊ (၂၀၁၉ မှ ၂၀၁၄)အထိ ဂျိုအာနာ လှကြည်အား ဆူဒန်တောင် ပိုင်းသို့ အသီးသီးစေလွှတ်ကာ အမှုတော်ထမ်းရွက်စေနိုင်ခဲ့သည်။

## နိုင်ငံရေးအခြေအနေ

စစ်တပ်ကျောထောက်နောက်ခံပြုသည့် အရပ်သားအစိုးရသည် (၂၀၁၁)ခုနှစ်တွင် တာဂန်ယူခဲ့ပြီး နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ မြှင့်တင်လုပ်ဆောင်ခဲ့သည်။ မြန်မာ့နိုင်ငံရေး အကူးအပြောင်းနှင့် စီးပွားရေး ပြည်လည်တည်ဆောက်ခြင်းများမှာ ခိုင်မြဲစွာဒွန်တွဲလျှက်ရှိနေပြီး တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်မှာလည်း နယ်စပ်ဒေသတစ်လျှောက် နိုင်ငံရေး၊ စီးပွားရေးများနှင့် တွဲဖက်လျှက် အရေးပါ နေပေသည်။ ပြည့်စုံကောင်းမွန်သည့် နိုင်ငံရေးအကူးအပြောင်းနှင့် တည်ငြိမ်အေးချမ်းမှုတို့မှာ အခြေခံ ပြည်သူ လူထု၏ ရေရှည်တည်တန့်ခိုင်မြဲမည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်နေပါသည်။

## မြန်မာနိုင်ငံအတွင်း လက်ရှိလုပ်ဆောင်လျက်ရှိသော လုပ်ငန်းများ

## မြန်မာနိုင်ငံရှိ အဓိက လုပ်ဆောင်နေမှုများ

- နယ်လှည့်သာသနာပြုခြင်း
- ဘုရားစကားသင်ကြားပေးခြင်း (လူငယ်/ကလေး)
- စိန်အန်းအမျိုးသမီးအဖွဲ့ (ပြည်သာသနာအတွင်း အဖွဲ့ဝင် ၁၀၀၀ ရှိနေသည်)
- မူကြိုကျောင်း (၅) ကျောင်း နှင့် ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ပြည်မြို့
- ကျန်းမာရေးစောင့်ရှောက်မှုများ (HIV/AIDS, အနာကြီးဝေဒနာသည်များ၊ ရွှေ့ပြောင်းလုပ်သားများ)
- လူကုန်ကူးမှုတားဆီးခြင်း (စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း)
- ပညာရေးဆိုင်ရာသင်ကြားမှု (ကျူရှင်/အင်္ဂလိပ်စာ)
- အဆောင်ငှားရမ်းခြင်းနှင့် ဘော်ဒါကျောင်းများ
- မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ် (CRCM)
- မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာသာရေးသိပ္ပံ (MIRS)
- မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်အမျိုးသမီးများအဖွဲ့ (MEWA)
- အခြေခံသမ္မာကျမ်းစာတော်မြတ်သင်တန်း (BBS)
- ကာရီတက်စ် (Caritas)၊ ပြည်ဂိုဏ်းအုပ်သာသနာ (HIV ကျန်းမာရေးစောင့်ရှောက်မှု)
- မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်များ အနာကြီးဝေဒနာသည်များ ကြည့်ရှုစောင့်ရှောက်မှု)
- မြန်မာနိုင်ငံလုံးဆိုင်ရာ ပုံသွင်းသူများအတွက် ပုံသွင်းရေးသင်တန်းကျောင်း (MIFF)